# COVID – 19 ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအား
# အရှိန်အဟုန်လျှော့ချခြင်းမပြုဘဲ
# ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်အရေးကြီးပါကြောင်း

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ မေလ (၃)ရက်

မြန်မာနိုင်ငံတွင် COVID – 19 ဓာတ်ခွဲအတည်ပြုလူနာကို (၂၃-၃-၂၀၂၀) ရက်နေ့တွင် စတင်တွေ့ရှိခဲ့ကာ ဧပြီလဒုတိယအပတ်နှင့် တတိယအပတ်တို့တွင် ဓာတ်ခွဲအတည်ပြုလူနာများ ပိုမိုတွေ့ရှိခဲ့ရပြီး ဧပြီလနောက်ဆုံးအပတ်မှစ၍ လူနာသစ်တွေ့ရှိရမှု အနည်းငယ် လျော့နည်းလာခဲ့ပါသည်။

ထိုသို့ COVID – 19 လူနာသစ်တွေ့ရှိရမှု လျော့နည်းလာရခြင်းမှာ-

- ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများအား စေ့စေ့စပ်စပ်ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ထားရှိပြီး ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခြင်း၊
- သံသယရောဂါလက္ခဏာရှိသူများကို စောင့်ကြည့်လူနာများအဖြစ် သတ်မှတ်၍ ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခြင်း၊ ပြည်ပမှဝင်ရောက်လာသူများကို သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိ၍ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုခြင်း၊
- ပြည်ပနိုင်ငံများမှ ခရီးသည်ဝင်ထွက်မှုအား လျှော့ချကန့်သတ်နိုင်ခြင်းကြောင့် ပြည်ပမှရောဂါကူးစက်ဝင်ရောက်မှု နည်းပါးလာခြင်း၊
- လူစုလူဝေးများပြုလုပ်ခြင်းများကို တားမြစ်ထားခြင်း၊
- ပြည်သူများအနေဖြင့် မိမိအိမ်အတွင်း၌သာနေထိုင်ခြင်း (stay at home)၊ တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုနည်းပါးအောင် နေထိုင်ခြင်း (social distancing)၊ လက်ကိုမကြာခဏစနစ်တကျဆေးခြင်းနှင့် ပြင်ပသို့သွားလာချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း

တပ်ဆင်မှု များပြားလာခြင်း စသည့်ရောဂါကူးစက်ဖြစ်ပွားမှု ကွင်းဆက်များအား ဖြတ်တောက်သည့် ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID – 19 ကူးစက်ဖြစ်ပွားမှုကို ယခုအခါ အတိုင်းအတာ တစ်ခုအထိ ကာကွယ်ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း ပြည်သူလူထုအတွင်း ရောဂါကူးစက် ဖြစ်ပွားမှု ရှိနေဆဲဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် ယနေ့အထိတွေ့ရှိထားသော ဓာတ်ခွဲ အတည်ပြုလူနာ (၁၅၁) ဦး၏ (၅၇) % ခန့်တွင် ရောဂါလက္ခဏာပြသခြင်းမရှိဘဲ ရောဂါပိုး ရှိနေခြင်းကို တွေ့ရှိရပါသည်။ ပြည်သူလူထုအတွင်း ရောဂါပိုးကူးစက်ခံထားရသော်လည်း ရောဂါလက္ခဏာမပြသသူများ (သို့မဟုတ်) သာမာန်ရောဂါလက္ခဏာများသာရှိသူများ သည် ဆေးရုံ/ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ လာရောက်ပြသမှုမရှိခြင်းများရှိနေနိုင်ပါ သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ထိုသို့လာရောက်ပြသမှုမရှိသော လူနာများကို စောင့်ကြည့်လူနာနှင့် သံသယလူနာများအဖြစ် သတ်မှတ်၍ ဓာတ်ခွဲစစ်ဆေးမှု မပြုလုပ်နိုင်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးမှုအရေအတွက် နည်းပါးနေသေးခြင်းတို့ကြောင့် COVID – 19 ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိရမှု လတ်တလောနည်းပါးနေခြင်းလည်း ဖြစ်နိုင်ပါသည်။

ယခုအခါ၌ –

- ရောဂါဖြစ်ပွားမှုများပြားနေသည့် နိုင်ငံများဖြစ်သည့် စင်ကာပူ၊ ဂျပန်နှင့် ကိုရီးယား သမ္မတနိုင်ငံစသည့် နိုင်ငံများမှ မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက် လာမည် ဖြစ်ခြင်း၊
- ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ အစုလိုက် ပြန်လည် ဝင်ရောက်လာမည် ဖြစ်ခြင်း၊

- ယခင်ပိတ်ထားသော စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ခြင်း တို့ကြောင့် ရောဂါကူးစက်ပြန့်ပွားမှုများ များပြားလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများအားလုံးနှင့် လုပ်ငန်းများပူးပေါင်းပါဝင်ဆောင်ရွက်နေသူများအားလုံးတို့ အနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ် ထိတွေ့သူများအား ရှာဖွေဖော်ထုတ်စုံစမ်းခြင်းနှင့် အသွားအလာကန့်သတ်ခြင်းအစရှိသည့် **ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန် လျှော့ချခြင်းမပြုဘဲ ဆက်လက် ဆောင်ရွက်ကြရန်** အထူးအရေးကြီးပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID – 19 ဓာတ်ခွဲစစ်ဆေးမှုများ ပိုမိုပြုလုပ်နိုင်ရန် ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်ခြင်းနှင့် ဓာတ်ခွဲနမူနာများ ပိုမိုရယူ စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့်လည်း တတ်နိုင်သမျှ မိမိတို့နေအိမ်အတွင်း၌သာ နေထိုင်ခြင်း၊ တစ်ဦးနှင့် တစ်ဦးထိတွေ့မှု နည်းပါးစေရေးခပ်ခွာခွာ နေထိုင်ခြင်းနှင့် လက်ကို မကြာခဏ စနစ်တကျဆေးခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်းစသည့် ရောဂါလက္ခဏာများရှိပါက အနီးဆုံးကျန်းမာရေးဌာနတွင်ပြသခြင်းစသော **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များအား ဆက်လက်လိုက်နာဆောင်ရွက်ကြပါရန်** ထပ်မံတိုက်တွန်းအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန